# ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေ *

**[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၅။]**

(၁၉၅၇ ခုနှစ်၊ မတ်လ ၂၈ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေဟု ခေါ်ရမည်။

*အမည်နှင့်စတင်အာဏာတည်သည့်နေ့ရက်။*

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက၊ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့် ဖြစ်စေ မဆန့်ကျင်လျှင် —

*အဓိပ္ပါယ်ဖော်ပြချက်။*

(၁) "ရှေးဟောင်းဝတ္ထုပစ္စည်း" ဆိုသည်မှာ၊ ရှေးဖြစ်အကြောင်း သုတေသနကိစ္စ၌ သက်ဝင်သော ဝတ္ထုပစ္စည်းကို ဆိုလိုသည့်ပြင် ထိုစကားရပ်တွင် ထိုဝတ္ထုပစ္စည်းတည်ရှိသော၊ သို့တည်းမဟုတ် တည်ရှိသည်ဟု ယုံကြည်ရသော မြေလည်းပါဝင်သည်။

(၂) "ရှေးဖြစ်အကြောင်းသုတေသနကိစ္စ၌ သက်ဝင်သော ဝတ္ထုပစ္စည်း" ဆိုသည့် စကားရပ်တွင် အောက်ပါဝတ္ထုပစ္စည်းများ ပါဝင်သည်။

(က) ကျောက်ဖြစ်နေသော လူအရိုးများ၊ သို့မဟုတ် တိရစ္ဆာန်အရိုးများ။

(ခ) ရှေးဟောင်းဂူ၊ လူနေရာဌာန၊ အလုပ်လုပ်ရာဌာန၊ အညစ်အကြေးပုံ၊ သို့တည်းမဟုတ် ဘာသာတရားနှင့် သက်ဆိုင်သောဌာန၏ တည်ရာ အမှတ်အသား၊ သို့တည်းမဟုတ် အပျက်အစီးများ။

(ဂ) လိုဏ်ဂူ၊ သို့တည်းမဟုတ် သဘာဝအလျောက်ဖြစ်သော အခြားခိုအောင်းရာနေရာ။

(ဃ) ရှေးဟောင်းဖြစ်သည့်၊ ဆောက်လုပ်ထားသော အဆောက်အဦ၊ ထုထောင်ထားသော အဆောက်အဦ၊ ဖို့လုပ်ထားသောလမ်း၊ တံတား အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသောကျောက်ပုံ၊ စေတီ ပုထိုး၊ သချိုင်းတွင်း၊ သချိုင်းတောင်ပို့၊ မြေမြှုပ်သင်္ဂြိုဟ်သော နေရာ၊ တူးဖော်ထားသောနေရာ၊ ရေတွင်း၊ ရေကန်၊ တူးထားသော ရေအိုင်၊

မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၇ ခုနှစ်၊ ဧပြီလ (၂၀) ရက်၊ စာမျက်နှာ-၆၉၅။

ကျောက်တိုင်၊ ကျောက်စာ၊ မြေကတုတ်၊ တံခါးမုခ်ဝ၊ ကျုံး၊ သို့တည်းမဟုတ် ခံတပ်နှင့်၎င်းတို့၏ အကြွင်းအကျန်များ။

(င) ရှေးခေတ်လူများ၊ သို့တည်းမဟုတ် တိရစ္ဆာန်များ အသုံးပြုသည်ဟု ယုံကြည်ရသော အရာဝတ္ထု၊ သို့တည်းမဟုတ် ကိရိယာ။

(စ) လူမျိုးကွဲပြားပုံအကြောင်း သုတေသနကိစ္စ၌ သက်ဝင်သော၊ သို့တည်းမဟုတ် ရာဇဝင်တွင်သက်ဝင်သော၊ ထွင်းထုထားသည့်ပစ္စည်း၊ ရေးဆွဲထားသည့်ပုံ၊ ပန်းချီဆေးရုပ်၊ သို့တည်းမဟုတ် ကမ္ပည်း။

(ဆ) ရှေးခေတ်နေထိုင်ပုံကို သရုပ်ဖော်ထားသည့် သွန်းထုထားသော ရုပ်ပုံ၊ ပန်းပု၊ ထုထားသောရုပ်ပုံ၊ ဒင်္ဂါး၊ လက်ဖွဲ့၊ ကမ္ပည်းစာ၊ ပုရပိုက်ပေစာ၊ [လက်ရေးစာပေ၊ ပုံနှိပ်စာပေ][၁] သို့တည်းမဟုတ် သတ္တု၊ ကျောက်၊ ရွှံ့၊ သစ်သား၊ အထည်စ၊ သားရေ၊ ဘောင်းရက်ထည်၊ သို့တည်းမဟုတ် အခြားပစ္စည်းဖြင့် ပြုလုပ်၍ ထိုသို့သရုပ်ဖော်ထားသည့် အရာဝတ္ထုပစ္စည်း။

(ဇ) ဤအက်ဥပဒေအလို့ငှာ၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့်၊ ရှေးဟောင်းဝတ္ထုပစ္စည်းဖြစ်သည်ဟု ကြေညာထားသော အခြားအရာဝတ္ထုပစ္စည်း။

[(၃) 'ပြည်ထောင်စုမြန်မာနိုင်ငံတော်လှုန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦ' ဆိုသည်မှာ၊ ပုဒ်မ ၁၁အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦအဖြစ် ကြေညာထားသော အဆောက်အဦကို ဆိုလိုသည်။][၂]

(၄) "ထိန်းသိမ်းသည်" ဆိုသည့်စကားရပ်နှင့် "ထိန်းသိမ်းခြင်း" ဆိုသည့်စကားရပ်တွင်၊ [ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သောအဆောက်အဦ][၃] ကို ဝင်းကာရံခြင်း၊ ဖုံးအုပ်ကာကွယ်ခြင်း၊ ပြင်

---

(၁) ၁၉၆၂ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၈၊ ၁၈-၉-၆၂) ဖြင့် ဖြည့်စွက်ထည့်သွင်းသည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်၊ စာမျက်နှာ-၁၂၂၉)။

(၂) ၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၈၊၁၈-၉-၆၂) ဖြင့် ဖြည့်စွက်တည့်သွင်းသည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်၊ စာမျက်နှာ-၁၂၂၉)။

(၃) ၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေကိုပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၈၊၁၈-၉-၆၂) ဖြင့် အစားထိုးသည်။(မြန်မာနိုင်ငံပြန်တမ်း၊အပိုင်း-၁၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်၊ စာမျက်နှာ-၁၂၂၉)။ ၁၉၇၇ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေတွင် "ဇယားဝင်အဆောက်အဦ" ဆိုသည့် စကားရပ်ပါရှိသည့်နေရာဟိုင်းတွင် ထိုစကားရပ်အစား "ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သောအဆောက်အဦ"ဆိုသည့် စကားရပ်ကို အစားထိုးထားသည်။

ခြင်း၊ ပြန်လည်ပြုပြင်ခြင်း၊ သို့တည်းမဟုတ် ဆေးကြောသုတ်သင်မွမ်းမံခြင်း၊ ထို့ပြင် ဇယားဝင် အဆောက်အဦကို ပြုပြင်ထားရှိရန်နှင့် ထိုအဆောက်အဦသို့ အလွယ်တကူ ဝင်ရောက်နိုင်ရန် လိုအပ်သည့်အတိုင်း ပြုလုပ်ခြင်းတို့လည်း ပါဝင်သည်။

(၅) "ပိုင်ရှင်" ဆိုသည့် စကားရပ်တွင်၊ မိမိနှင့် အခြားတွဲဘက်ပိုင်ရှင်များအတွက် စီမံအုပ်ချုပ်မှုအာဏာအပ်နှင်းခြင်းခံရသော တွဲဘက်ပိုင်ရှင်နှင့် ရှေးဟောင်းဝတ္ထုပစ္စည်း စီမံအုပ်ချုပ်မှုအာဏာများကို သုံးစွဲနေသော စီမံအုပ်ချုပ်သူ၊ သို့တည်းမဟုတ် ယုံကြည်အပ်နှံခံရသူ၊ ထို့ပြင် အဆိုပါ ပိုင်ရှင်၏ပိုင်ဆိုင်ခွင့် ဆက်ခံသူနှင့် အဆိုပါစီမံအုပ်ချုပ်သူ၏၊ သို့တည်းမဟုတ် ယုံကြည်အပ်နှံခံရသူ၏ ရာထူးဆက်ခံသူလည်း ပါဝင်သည်။

ခြွင်းချက်။ ။ သို့ရာတွင် အဆိုပါစီမံအုပ်ချုပ်သူက၊ သို့တည်းမဟုတ် ယုံကြည်အပ်နှံခံရသူက၊ တရားဥပဒေနှင့် အညီ သုံးစွဲနိုင်သောအာဏာများကို၊ ဤအက်ဥပဒေ၏ မည်သည့်အချက်ကမျှ တိုးချဲ့ပေးအပ်သည်ဟု မမှတ်ယူရ။

(၆) "ပြဋ္ဌာန်းသည်" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည်ကို ဆိုလိုသည်။

(၇) "နိုင်ငံတော်သမ္မတ" ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတ ကို ဆိုလိုသည်။

(၈) "ညွှန်ကြားရေးဝန်" ဆိုသည်မှာ၊ မြန်မာနိုင်ငံရှေးဖြစ်အကြောင်း သုတေသနဌာန ညွှန်ကြားရေးဝန်ကို ဆိုသည်။

## ရှေးဟောင်းဝတ္ထုပစ္စည်းများ။

*ရှေးဟောင်းဝတ္ထုပစ္စည်းများ နေရာရွှေ့ပြောင်းခြင်းကို၊ နိုင်ငံတော်သမ္မတက ကြီးကြပ်အုပ်ချုပ်နိုင်သည့် အာဏာ။*

၃။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ မည်သည့်ရှေးဟောင်းဝတ္ထုပစ္စည်းကိုမဆို၊ မိမိ၏ အခွင့်အမိန့်မရဘဲ၊ ၎င်း၏တည်နေရာမှ ရွှေ့ပြောင်းရန်မသင့်ဟု ယူဆလျှင်၊ အဆိုပါရှေးဟောင်းဝတ္ထုပစ္စည်းကို၊ သို့တည်းမဟုတ် အဆိုပါ ရှေးဟောင်းဝတ္ထုပစ္စည်းအမျိုးအစားတစ်ခုခုကို၊ ပြဋ္ဌာန်းထားသော အာဏာပိုင်၏ ခွင့်ပြုချက်မရဘဲ မရွှေ့ပြောင်းရဟု အမိန့်ကြော်ငြာစာဖြင့် ဆင့်ဆိုနိုင်သည်။ အဆိုပါအာဏာပိုင်က ခွင့်မပေးလျှင်၊ လျှောက်ထားသူသည်၊ နိုင်ငံတော်သမ္မတထံ အယူခံဝင်နိုင်သည်။

(၂) ပုဒ်မခွဲ (၁)တွင် ဖော်ပြထားသည့် ခွင့်ပြုချက်ရရန် လျှောက်ထားသူတစ်ဦးဦးသည်၊ မိမိရွှေ့ပြောင်းလိုသော ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုကို၊ သို့တည်းမဟုတ် အများကိုသီးခြားဖော်ပြရမည့်ပြင်၊ အဆိုပါ ဝတ္ထုပစ္စည်းများနှင့်စပ်လျဉ်း၍ အဆိုပါအာဏာပိုင်က တောင်းဆိုသော

အကြောင်းအရာများကိုလည်း ပေးပို့ရမည်။

(၃) မည်သူမဆို၊ ပုဒ်မခွဲ (၁) အရ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာပါ ဆင့်ဆိုချက်ကို ဆန့်ကျင်လျက်၊ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို ရွှေ့ပြောင်းလျှင်၊ သုံးလထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည်။

(၄) ပစ္စည်းတစ်ခုခု၏ပိုင်ရှင်သည်၊ ပုဒ်မခွဲ (၁)အရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ တွင် အဆိုပါပစ္စည်းကို ထည့်သွင်းဖော်ပြထားသောကြောင့် ဆုံးရှုံးခြင်း၊ သို့တည်းမဟုတ် နစ်နာခြင်းခံရကြောင်းကို နိုင်ငံတော်သမ္မတ ကျေနပ်အောင်သက်သေထင်ရှားပြနိုင်လျှင် နိုင်ငံတော်သမ္မတသည်၊ အောက်ပါ အတိုင်း ဆောင်ရွက်ရမည်။

(က) အဆိုပါပစ္စည်းကို အဆိုပါအမိန့်ကြော်ငြာစာတွင် ထည့်သွင်းဖော်ပြခြင်းမှ ကင်းလွတ်ခွင့် ပေးရမည်၊ သို့တည်းမဟုတ်

(ခ) အဆိုပါပစ္စည်းကို ကာလတန်ဘိုးပေး၍ ဝယ်ယူရမည်၊ သို့တည်းမဟုတ်

(ဂ) အဆိုပါပစ္စည်း၏ပိုင်ရှင်အား၊ ဆုံးရှုံးမှု၊ သို့တည်းမဟုတ် နစ်နာမှုအတွက် လျော်ကြေးပေးရမည်။

*ရှေးဟောင်းဝတ္ထု ပစ္စည်းများကို၊ စောင့်ရှောက်ထိန်းသိမ်းခြင်း။*

၄။ ။ ညွှန်ကြားရေးဝန်သည်၊ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို စောင့်ရှောက်ထိန်းသိမ်း ရန်၊ သို့တည်းမဟုတ် မပျက်စီးအောင် စီမံထားရှိရန် လိုအပ်သည်ဟူ၍ လည်းကောင်း၊ ပြည်သူ့အကျိုးငှာ စောင့်ရှောက်ထိန်းသိမ်းသင့်သည်၊ သို့တည်းမဟုတ် မပျက်စီးအောင် စီမံထားရှိသင့်သည်ဟူ၍လည်းကောင်း၊ ယူဆလျှင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်။

(က) နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခု ကို ကြည့်ရှုစစ်ဆေးရန်နှင့် မပျက်စီးအောင် စီမံထားရှိရန်အတွက် အရေး ယူဆောင်ရွက်နိုင်သည်။ ထိုသို့အရေးယူဆောင်ရွက်ခြင်းတွင် ရှေးဟောင်း ဝတ္ထုပစ္စည်းတစ်ခုခုကို ပြင်ရန်နှင့် လုံခြုံစွာထိန်းသိမ်းထားရန်အတွက် ပိုင်ရှင် ၏ သဘောတူညီချက်ဖြင့် ရွှေ့ပြောင်းခြင်းလည်း ပါဝင်သည်။

(ခ) မည်သည့် ရှေးဟောင်းဝတ္ထုပစ္စည်းမဆို ပိုင်ရှင်မရှိလျှင် ထိုဝတ္ထုပစ္စည်းကို ထိန်းသိမ်းသူအဖြစ် တာဝန်ယူ၍ ပြုပြင်ထားရှိနိုင်သည်။

*ရှေးဟောင်း ဝတ္ထုပစ္စည်း များကို လက်ခံခြင်း။*

၅။ ။ နိုင်ငံတော်သမ္မတသည် —

(က) မည်သည့် ရှေးဟောင်းဝတ္ထုပစ္စည်းကိုမဆို၊ လက်ဆောင်အဖြစ်ဖြင့် သော်လည်းကောင်း၊ အငှားပစ္စည်း အဖြစ်ဖြင့်သော်လည်းကောင်း၊ သေတမ်းစာအရလွှဲအပ်သည့် ပစ္စည်းအဖြစ်ဖြင့်သော်လည်းကောင်း၊ အမွေပစ္စည်းအဖြစ်ဖြင့်သော်လည်းကောင်း၊ လက်ခံသင့်သည်ဟု ယူဆလျှင်၊ လက်ခံနိုင်သည်။

(ခ) မိမိလက်ရှိထားသော၊ သို့တည်းမဟုတ် ကြီးကြပ်အုပ်ချုပ်သော ရှေးဟောင်းဝတ္ထုပစ္စည်း တစ်ခုခုပြုပြင်ထားရှိရန် စရိတ်ငွေကို ဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်း တစ်ခုခုဝယ်ယူရန် အဘိုးငွေကိုဖြစ်စေ၊ စေတနာအလျောက် ထောက်ပံ့လှူဒါန်း ခြင်းကို လက်ခံ၍၊ ထိုသို့လက်ခံရရှိသောငွေကို ငံမံခန့်ခွဲ သုံးစွဲနိုင်သည်။

*ရှေးဟောင်းဝတ္ထုပစ္စည်းများကို အတင်းအကြပ်ဝယ်ယူခြင်း။*

၆။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ ရှေးဟောင်းဝတ္ထုပစ္စည်း တစ်ခုခုမှာ ပျက်စီးမည့်၊ သို့တည်းမဟုတ် အရွှေ့အပြောင်းခံရမည့်၊ သို့တည်းမဟုတ် အထိအခိုက်ခံရမည့်၊ သို့တည်းမဟုတ် ဆွေးမြေ့သွားမည့် အန္တရာယ်ရှိသည်ဟု မိမိထင်မြင်လျှင်၊ အဆိုပါရှေးဟောင်း ဝတ္ထုပစ္စည်းကို ကာလတန်ဘိုးဖြင့် အတင်းအကြပ်ဝယ်ယူရမည်ဟု အမိန့်ချမှတ်နိုင်သည်။ ထိုသို့ အမိန့်ချမှတ်သည့်အခါ၊ ညွှန်ကြားရေးဝန်သည်၊ ဝယ်ယူရမည့် ရှေးဟောင်းဝတ္ထုပစ္စည်း၏ ပိုင်ရှင်ထံသို့ နို့တစ်စာပေးပို့ရမည်။

(၂) ဤပုဒ်မဖြင့် အပ်နှင်းထားသည့် အတင်းအကြပ်ဝယ်ယူနိုင်ခွင့် အာဏာသည်၊ အောက်ပါဝတ္ထုပစ္စည်းများနှင့် မသက်ဆိုင်စေရ။

(က) ဘာသာရေး ဝတ်ပြုကိုးကွယ်မှုအတွက် တကယ်အသုံးပြုနေသောရှေးဟောင်းဝတ္ထုပစ္စည်း။

(ခ) ပိုင်ရှင်က၊ မိမိနှင့်ပတ်သက်၍သော်လည်းကောင်း၊ မိမိ၏မိဘ ဘိုးဘွားစဉ်ဆက်နှင့် ပတ်သက်၍သော်လည်းကောင်း၊ မိမိ၏အိမ်ထောင်သားစုတွင် ပါဝင်သူတစ်ဦးဦးနှင့် ပတ်သက်၍သော်လည်းကောင်း၊ ကိုယ်ရေးကိုယ်တာကိစ္စအလို့ငှာ သင့်လျော်သော အကြောင်းပြချက်တစ်ခုခုဖြင့် သိမ်းပိုက်ထားလိုသော အရာဝတ္ထုတစ်ခုခု။

*ရှေးဟောင်းဝတ္ထု ပစ္စည်းများ ပြည်ပသို့ထုတ်ဆောင်မှုကိုတားမြစ်ခြင်း။*

၇။ ။ (၁) နိုင်ငံတော်သမ္မတက ထုတ်ပေးရမည့် အခွင့်လက်မှတ်မရှိဘဲ၊ မည်သူမျှ ရှေးဟောင်း ဝတ္ထုပစ္စည်းကို ပြည်ပသို့ ထုတ်ဆောင်ခြင်းမပြုရ။

(၂) ဤပုဒ်မအရ အခွင့်လက်မှတ်အတွက် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း လျှောက်လွှာတင်သွင်းရမည်။

(၃) ရှေးဟောင်းဝတ္ထုပစ္စည်း တစ်ခုခုနှင့်စပ်လျဉ်း၍၊ ဤပုဒ်မအရ အခွင့်လက်မှတ်ထုတ်မပေးမီ၊ နိုင်ငံတော်သမ္မတသည်၊ ထိုရှေးဟောင်းဝတ္ထုပစ္စည်းကို ကြည့်ရှုစစ်ဆေးစေနိုင်သည့်ပြင်၊ တံဆိပ်လည်း ခတ်နှိပ်စေနိုင်သည်။

(၄) အရာဝတ္ထုပစ္စည်းတစ်ခုခုသည်၊ ရှေးဟောင်းဝတ္ထုပစ္စည်း ဟုတ်မဟုတ် ပြဿနာပေါ်ပေါက်လျှင်၊ အဆိုပါပြဿနာကို၊ ညွှန်ကြားရေးဝန်အား လွှဲအပ်ရမည်။ ထိုပြဿနာနှင့်စပ်လျဉ်း၍၊ ညွှန်ကြားရေးဝန်၏ဆုံးဖြတ်ချက်သည်၊ အပြီးအပြတ် အတည်ဖြစ်ရမည်။

[(၅) မည်သူမဆို၊ ပုဒ်မခွဲ (၁) ကို ဆန့်ကျင်လျက်၊ ရှေးဟောင်းဝတ္ထုပစ္စည်းကို၊ ပြည်ပသို့ ထုတ်ဆောင်လျှင်၊ သို့တည်းမဟုတ် ထုတ်ဆောင်ရန်အားထုတ်လျှင်၊ သို့တည်းမဟုတ် ထုတ်ဆောင်ရန်

အားပေးကူညီလျှင်၊ အခြားတည်ဆဲတရားဥပဒေကို၊ မထိခိုက်စေဘဲ၊ ခြောက်လထက်မနည်း၊ သုံးနှစ်ထက် မပိုသော အလုပ်ကြမ်းနှင့်ထောင်ဒဏ်စီရင်ခြင်းခံရမည့်ပြင်၊ ကျပ်ငါးရာထက်မနည်း၊ ကျပ်ငါးထောင်ထက် မပိုသော ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။][၄]

(၆) ရှေးဟောင်းဝတ္ထုပစ္စည်း တစ်ခုခုနှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (၅) အရ ပြစ်မှုကျူးလွန်လျှင်၊ ထိုရှေးဟောင်းဝတ္ထုပစ္စည်းကို၊ ဘဏ္ဍာတော်အဖြစ် သိမ်းယူရမည်။

(၇) နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ နည်းလမ်းတကျ အာဏာအပ်နှင်းထားသော အကောက်တော်အရာရှိ၊ သို့တည်းမဟုတ် ရဲအုပ်အောက်ရာထူးအဆင့်အတန်းမနိမ့်သည့် ရဲအရာရှိ တစ်ဦးဦးသည် မည်သည့်ကုန်းယာဉ်၊ ရေယာဉ်၊ သို့တည်းမဟုတ် လေယာဉ်ကိုမဆို ရှာဖွေနိုင်သည့်ပြင်၊ ဝန်စည်စလယ်၊ သို့တည်းမဟုတ် ကုန်ပစ္စည်း အထုပ်အပိုးတစ်ခုခုအတွင်း၌ ပုဒ်မခွဲ (၅)အရ၊ ကျူးလွန်သော ပြစ်မှုနှင့်သက်ဆိုင်သည့် ကုန်ပစ္စည်းပါရှိသည်ဟု ယူဆရန် လုံလောက်သောအကြောင်းရှိလျှင်၊ ထိုဝန်စည်စလယ်၊ သို့တည်းမဟုတ် ကုန်ပစ္စည်းအထုပ်အပိုးကိုလည်း ဖွင့်လှစ်နိုင်သည်။

(၈) ပုဒ်မခွဲ (၇)အရ၊ ရှာဖွေနိုင်သည့် အာဏာကို၊ သူတစ်ပါးစိတ် ငြိုငြင်အောင်သုံးစွဲကြောင်း၊ သို့တည်းမဟုတ် မလျော်မကန် သုံးစွဲကြောင်း တိုင်တန်းသူသည်၊ မိမိ၏တိုင်တန်းချက်ကို၊ နိုင်ငံတော် သမ္မတထံသို့ တင်သွင်းနိုင်သည်။ နိုင်ငံတော်သမ္မတသည်၊ တရားမျှတသည် ထင်မြင်သည့်အမိန့်ကို ချမှတ်ရမည့်ပြင်၊ လျော်ကြေးပေးလိုကလည်း တရားမျှတသည် ထင်မြင်သည့်လျော်ကြေးကို ပေးနိုင်သည်။

## တူးဖော်မှု

၈။ တူးဖော်မှုချုပ်ချယ်ချက်များ။ ။ (၁) ညွှန်ကြားရေးဝန်၊ သို့တည်းမဟုတ် ၎င်းကစာဖြင့် အာဏာလွှဲအပ်ထားသူမှ တစ်ပါး၊ အခြားမည်သူမျှ နိုင်ငံတော်သမ္မတကထုတ်ပေးရမည့် အခွင့်လက်မှတ်မရှိဘဲ၊ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို၊ တူးဖော်မှုဖြင့်သော်လည်းကောင်း၊ အလားတူ လုပ်ကိုင်မှုများဖြင့်သော်လည်းကောင်း၊ မရှာဖွေရ။

(၂) နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် ညွှန်ကြားရေးဝန်သည်၊ သို့တည်းမဟုတ် ၎င်းက စာဖြင့် အာဏာလွှဲအပ်ထားသူ တစ်ဦးဦးသည် —

(က) မည်သည့်အရပ်ဒေသ၌မဆို၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ရှာဖွေရန်အလို့ ငှာ၊ တူးဖော်မှုကို ပြုလုပ်ဆောင်ရွက်နိုင်သည်။

(ခ) ရှေးဖြစ်အကြောင်း သုတေသနကိစ္စ၊ သို့တည်းမဟုတ် အခြားကိစ္စနှင့်ဆိုင် သော လုပ်ကိုင်မှုများ ပြုလုပ်လျက်ရှိသည့် မည်သည့်မြေသို့မဆို ဝင်ရောက်၍ ကြည့်ရှု စစ်ဆေးနိုင်သည်။

---

*(၄) ၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၈၊ ၁၈-၉-၆၂) ဖြင့် အစားထိုးသည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်၊ စာမျက်နှာ - ၁၂၂၉)။*

(၃) ပုဒ်မခွဲ (၂) ဖြင့် အပ်နှင်းထားသော အာဏာကိုသုံးစွဲရာ၌၊ မြေတွင် ဝင်ရောက်နေခြင်းဖြင့်၊ သို့တည်းမဟုတ် မြေမျက်နှာပြင်အနေအထား ပျက်စေခြင်းဖြင့်၊ တစ်ဦးတစ်ယောက်သောသူ၏ အခွင့်အရေး များကို ကျူးလွန်လျှင်၊ ထိုသို့ကျူးလွန်သည့်အတွက် အဆိုပါကျူးလွန်ခြင်းခံရသူအား၊ နိုင်ငံတော်သမ္မတက လျော်ကြေးပေးရမည်။

(၄) ဤပုဒ်မအရ၊ အခွင့်လက်မှတ်ထုတ်မပေးမီ၊ နိုင်ငံတော်သမ္မတသည်၊ လျှောက်ထားသူ၌ လိုအပ်သောအခွင့်လက်မှတ်နှင့် သက်ဆိုင်သည့်လုပ်ကိုင်မှုများကို သင်ကြားတတ်မြောက်၍ လက်တွေ့ ဆောင်ရွက်ဘူးသော အရည်အချင်းရှိသည်ဟု ယုံကြည်ကျေနပ်ရမည်။ ထို့ပြင် နိုင်ငံတော်သမ္မတသည် လျှောက်ထားသူ၌၊ ရွှေဖြစ်အကြောင်း သုတေသနကိစ္စနှင့်သော်လည်းကောင်း၊ လောကဓါတ်ပညာနှင့် သော်လည်းကောင်း သက်ဆိုင်သည့်နာမည်ရအသင်း၊ သို့တည်းမဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ငွေကြေး အကူအညီဖြစ်စေ၊ အခြားအကူအညီအထောက်အပံ့ဖြစ်စေ ရှိကြောင်း မိမိကျေနပ်အောင်ပြုလုပ်ရန်၊ လျှောက်ထားသူအား၊ မိမိ၏သဘောအတိုင်း ဆင့်ဆိုနိုင်သည်။

(၅) နိုင်ငံတော်သမ္မတသည်၊ အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ နည်းဥပဒေများပြုနိုင်သည်။

(က) အဆိုပါအခွင့်လက်မှတ်ကို ထုတ်ပေးရန် စည်းကမ်းချက်များ၊ အခွင့်လက်မှတ် ပုံစံ၊ အခွင့်လက်မှတ်ထုတ်ပေးခြင်းခံရသူထံမှ အာမခံယူခြင်းနှင့် စပ်လျဉ်း၍ စည်းမျဉ်းသတ်မှတ်ရန် ကိစ္စ။

(ခ) အခွင့်လက်မှတ်ရသူတူးဖော်တွေ့ရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းများ စီမံ ထုခွဲရမည့်နည်းလမ်းကို ပြဋ္ဌာန်းရန်ကိစ္စ။ ထို့ပြင်

(ဂ) ယေဘူယျအားဖြင့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန် ကိစ္စ။

(၆) ဤပုဒ်မအရ ထုတ်ပေးသော အခွင့်လက်မှတ်ကို၊ နိုင်ငံတော်သမ္မတက၊ အကြောင်းဖော်ပြ ခြင်း မပြုဘဲ၊ မည်သည့်အခါမဆိုရုပ်သိမ်းနိုင်သည်။

အဆိုပါ အခွင့်လက်မှတ်ရရှိမှုဖြင့် သဘောတူညီချက် ပေးပိုင်ခွင့်ရှိသူ၏ သဘောတူညီချက် မရဘဲ၊ မည်သည့် မြေသို့မျှ ဝင်ရောက်ခွင့်မရှိစေရ။

(၇) ဤပုဒ်မအရ အခွင့်လက်မှတ်ကို ထုတ်ပေးထားစေကာမူ၊ အခွင့်လက်မှတ်ထုတ်ပေးခြင်းခံရ သူမှစ၍ အခွင့်လက်မှတ်နှင့်သက်ဆိုင်သော တူးဖော်မှုကို ဖြစ်စေ၊ အခြားလုပ်ကိုင်မှုများကိုဖြစ်စေ၊ ပြုလုပ်နေသူအားလုံးသည်၊ နိုင်ငံတော်သမ္မတက စာဖြင့် နည်းလမ်းတကျ အာဏာလွှဲအပ်ထားသူ တစ်ဦးဦးက၊ အဆိုပါလုပ်ကိုင်မှုများကို ရပ်ဆိုင်းထားရန်ဆင့်ဆိုလျှင်၊ အဆိုပါလုပ်ကိုင်မှုများကို၊ ပြန်လည်ပြုလုပ်နိုင်သည်ဟု နိုင်ငံတော်သမ္မတက ကြေညာခြင်းမပြုသေးသမျှ၊ အဆိုပါလုပ်ကိုင်မှုများကို ရပ်ဆိုင်းထားရမည်။

(၈) မည်သူမဆို၊ ပုဒ်မခွဲ (၁)၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၇)ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင် လျှင်၊ သို့တည်းမဟုတ် ဤပုဒ်မအရ ထုတ်ပေးသော အခွင့်လက်မှတ်တွင် ဖော်ပြထားသည့် စည်းကမ်း

ချက်တစ်ခုခုကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

ခြွင်းချက်။ ။ သို့ရာတွင် ညွှန်ကြားရေးဝန်၏ အခွင့်အမိန့်မရဘဲ၊ ဤပုဒ်မခွဲအရ တရားစွဲဆိုခြင်း မပြုရ။

၉။ ။ နိုင်ငံတော်သမ္မတသည်၊ မည်သည့်မြေ၌မဆို၊ နိုင်ငံတော်အကျိုးသက်ဝင်သော ရှေးဟောင်းဝတ္ထုပစ္စည်းရှိသည်ဟု ယူဆလျှင်၊ ထိုမြေကို၊ သို့တည်းမဟုတ် ထိုမြေ၏ တစ်စိတ်တစ်ဒေသကို၊ မြေသိမ်းအက်ဥပဒေအရ ပြည်သူ့အကျိုးငှာ သိမ်းယူနိုင်သည်။

*မြေသိမ်းနိုင်သည့်အာဏာ။*

၁၀။ ။ (၁) မည်သူမဆို၊ ပုဒ်မ ၈ ပါပြဋ္ဌာန်းချက်များအရ ခွင့်ပြုထားသော လုပ်ကိုင်မှုများကို ပြုလုပ်နေစဉ်အတွင်း၊ ရှေးဖြစ်အကြောင်းသုတေသနကိစ္စ၌ သက်ဝင်သောအရာဝတ္ထုကို တွေ့ရှိလျှင်၊ ယင်းသို့တွေ့ရှိကြောင်းကို၊ အချိန်မကြန့်ကြာစေဘဲ၊ နိုင်ငံတော်သမ္မတထံ တိုင်ကြားရမည်။

*ရှေးဖြစ်အကြောင်းသုတေသန ကိစ္စ၌သက်ဝင်သော အရာဝတ္ထုများကို တွေ့ရှိခြင်း။*

(၂) မည်သူမဆို၊ ပုဒ်မခွဲ (၁) တွင် ဖော်ပြထားသော လုပ်ကိုင်မှုများမှတစ်ပါး၊ အခြားလုပ်ကိုင်မှုများ ပြုလုပ်နေစဉ်အတွင်း ရှေးဖြစ်အကြောင်းသုတေသနကိစ္စ၌ သက်ဝင်သောအရာဝတ္ထုကို တွေ့ရှိလျှင်၊ ထိုသို့တွေ့ရှိကြောင်းကို၊ တွေ့ရှိသောနေရာ၊ မည်သို့တွေ့ရှိရပုံ အကြောင်းစုံနှင့်တကွ၊ ပြဋ္ဌာန်းထားသည့်သူထံသို့ အချိန်မကြန့်ကြာစေဘဲ တိုင်ကြားရမည်။ ထို့ပြင် နိုင်ငံတော်သမ္မတက စာဖြင့်နည်းလမ်းတကျ အာဏာလွှဲအပ်ထားသူတစ်ဦးဦးက၊ အဆိုပါလုပ်ကိုင်မှုများကို ရပ်ဆိုင်းထားရန် ဆင့်ဆိုလျှင်၊ အဆိုပါလုပ်ကိုင်မှုများကို ပြန်လည်ပြုလုပ်နိုင်သည်ဟု၊ နိုင်ငံတော်သမ္မတက ကြေညာခြင်းမပြုသေးသမျှ၊ အဆိုပါ လုပ်ကိုင်မှုများကို ရပ်ဆိုင်းထားရမည်။

(၃) မည်သူမဆို၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်တစ်ခုခုကို သိလျက်နှင့်မလိုက်နာလျှင်၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးထောင်အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်း ခံရမည်။

## <u>ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သောအဆောက်အဦများ</u>

၁၁။ ။ (၁) ညွှန်ကြားရေးဝန်သည်၊ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို စောင့်ရှောက်ထိန်းသိမ်းရန်၊ သို့တည်းမဟုတ် မပျက်စီးအောင် စီမံထားရှိရန်လိုအပ်သည်ဟူ၍လည်းကောင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို ပြည်သူ့အကျိုးငှာ၊ စောင့်ရှောက်ထိန်းသိမ်းသင့်သည်၊ သို့တည်းမဟုတ် မပျက်စီးအောင် စီမံထားရှိသင့်သည်ဟူ၍လည်းကောင်း ယူဆလျှင်၊ အဆိုပါ ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦအဖြစ် ကြေညာ

*ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကကာကွယ် စောင့်ရှောက်သောအဆောက် အဦများ။*

ရန်၊ နိုင်ငံတော်သမ္မတထံ လျှောက်လွှာ တင်သွင်းနိုင်သည်။

(၂) ညွှန်ကြားရေးဝန်က လျှောက်လွှာတင်သွင်းသည့်အခါ၊ နိုင်ငံတော်သမ္မတသည်၊ အဆိုပါ ရှေးဟောင်းဝတ္ထုပစ္စည်းကို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက် သော အဆောက်အဦအဖြစ် အမိန့်ကြော်ငြာစာဖြင့် ကြေညာနိုင်သည်။

(၃) ပုဒ်မခွဲ (၂)အရ၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်အခါတိုင်း၊ ထိုအမိန့် ကြော်ငြာစာ တစ်စောင်ကို၊ အဆိုပါ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ် စောင့်ရှောက်သော အဆောက်အဦ၌သော်လည်းကောင်း၊ အဆိုပါပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေး အစိုးရက ကာကွယ် စောင့်ရှောက်သော အဆောက်အဦအနီးအနား၌သော်လည်းကောင်း၊ ထင်ရှားမြင်သာသောနေရာတွင် စွဲကပ်ထားရမည်။ ထိုအမိန့်ကြော်ငြာစာတွင်၊ အမိန့်ကြော်ငြာစာစွဲကပ် သည့်နေ့ရက်မှစ၍ တစ်လ အတွင်းရရှိသော အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်းသည့် ကန့်ကွက်လွှာများကို၊ နိုင်ငံတော် သမ္မတက စဉ်းစားမည့်အကြောင်း ဖော်ပြရမည်။

(၄) အဆိုပါ တစ်လကုန်ဆုံးသည့်အခါ၊ နိုင်ငံတော်သမ္မတသည်၊ ကန့်ကွက်လွှာများ ရရှိလျှင်၊ ထိုကန့်ကွက်လွှာများကို စဉ်းစား၍ အမိန့်ကြော်ငြာစာကို အတည်ပြုရမည်။ သို့တည်းမဟုတ် ပယ်ဖျက်ရမည်။

(၅) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ၊ ရှေးဟောင်း အဆောက်အဦများ ထိန်းသိမ်းရေး အက်ဥပဒေ (The Ancient Monuments Preservation Act) အရ ညွှန်ကြားရေးဝန်က စောင့်ရှောက်ထိန်းသိမ်း၍ ပြုပြင်ထားသော ရှေးဟောင်း အဆောက်အဦအားလုံးသည်၊ ဤပုဒ်မ အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦများ အဖြစ် ကြေညာပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၆) ဤပုဒ်မအရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာကို —

(က) နိုင်ငံတော်သမ္မတက မည်သည့်အခါမဆို ပယ်ဖျက်နိုင်သည်၊ ထို့ပြင် -

(ခ) မပယ်ဖျက်သေးလျှင်၊ ယင်းသို့ မပယ်ဖျက်သေးသမျှကာလပတ်လုံး၊ အဆိုပါ အမိန့်ကြော်ငြာစာမှာ၊ ၎င်းနှင့်သက်ဆိုင်သောရှေးဟောင်း ဝတ္ထုပစ္စည်းသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ် စောင့်ရှောက်သော အဆောက်အဦဖြစ်ကြောင်း ခိုင်လုံသော သက်သေခံ အထောက်အထားဖြစ်ရမည်။

["၇။ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များတွင်၊ မည်သို့ပင် ပါရှိစေကာမူ၊ ၁၈၈၆ ခုနှစ် မတိုင်မီက တည်ရှိနေသော ရှေးဟောင်းအဆောက်အဦများကို၊ ဤပုဒ်မအရ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦများအဖြစ် ကြေညာပြီးဖြစ်သည်ဟု မှတ်ယူရမည်။"]၅

*ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦနှင့် သက်ဆိုင်သောအခွင့်အရေးများကို၊ သို့တည်းမဟုတ် ပြည်တောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦ ထိန်းသိမ်းသူအဖြစ်ကို ရယူခြင်း။*

၁၂။ ။ (၁) နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် ညွှန်ကြားရေးဝန်သည် မည်သည့်ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦကို မဆို ဝယ်ယူနိုင်သည်၊ သို့တည်းမဟုတ် ငှားယူနိုင်သည်။

(၂) အလားတူခွင့်ပြုချက်ဖြင့်၊ ညွှန်ကြားရေးဝန်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦ တစ်ခုခုကို၊ လက်ဆောင်အဖြစ်၊ သို့တည်းမဟုတ် အမွေပစ္စည်းအဖြစ် လက်ခံနိုင်သည်။

(၃) ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦတစ်ခုခု၏ ပိုင်ရှင်သည်၊ စာချုပ်ရေးသားချုပ်ဆို၍၊ ညွှန်ကြားရေးဝန်အား၊ အဆိုပါအဆောက်အဦ၏ထိန်းသိမ်းသူအဖြစ်ကို အပ်နှင်းနိုင်သည်။ ညွှန်ကြားရေးဝန်သည်၊ နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့်၊ အဆိုပါ အဆောက်အဦ၏ ထိန်းသိမ်းသူအဖြစ်ကို လက်ခံနိုင်သည်။

(၄) ပုဒ်မခွဲ (၃)အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦတစ်ခုခု၏ ထိန်းသိမ်းသူအဖြစ်ကို ညွှန်ကြားရေးဝန်က လက်ခံပြီးသည့်အခါ၊ ဤအက်ဥပဒေတွင် အတည့်အလင်းပြဋ္ဌာန်းထားသည်မှတစ်ပါး၊ ပိုင်ရှင်မှာ ညွှန်ကြားရေးဝန်အား၊ အဆိုပါ အဆောက်အဦ၏ ထိန်းသိမ်းသူအဖြစ်ကို အပ်နှင်းခြင်းမပြုဘိသကဲ့သို့၊ အဆိုပါ အဆောက်အဦနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်မှု၊ အခွင့်အရေး၊ ပိုင်ဆိုင်ခွင့်နှင့်အကျိုးသက်ဆိုင်ခွင့် ရှိမြဲ ရှိရမည်။

(၅) ပုဒ်မခွဲ (၃)အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦတစ်ခု၏ ထိန်းသိမ်းသူအဖြစ်ကို၊ ညွှန်ကြားရေးဝန်က လက်ခံပြီးသည့်အခါ ပုဒ်မ ၁၃အရ၊ ချုပ်ဆိုသည့်သဘောတူစာချုပ်များနှင့် သက်ဆိုင်သောဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ အဆိုပါ ပုဒ်မခွဲအရ ချုပ်ဆိုသောစာချုပ်နှင့် သက်ဆိုင်ရမည်။

(၆) ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရကကာကွယ်စောင့်ရှောက်သော အဆောက်အဦတစ်ခုခုမှာ၊ ပိုင်ရှင်မရှိလျှင်၊ ညွှန်ကြားရေးဝန်သည်၊ ထိုအဆောက်အဦ၏ ထိန်းသိမ်းသူအဖြစ် တာဝန်ယူနိုင်သည်။

---

*(၅) ၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၈၊၁၈-၉-၆၂) ဖြင့် ဖြည့်စွက်ထည့်သွင်းသည်။(မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်၊ စာမျက်နှာ - ၁၂၂၉)။*

*ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦကိုသဘောတူစာချုပ်ချုပ်ဆို၍ မပျက်စီးအောင် စီမံထားရှိခြင်း။*

၁၃။ ။ (၁) နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့်၊ ညွှန်ကြားရေးဝန်သည်၊ မည်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦကိုမဆို၊ မပျက်စီးအောင် စီမံထားရှိရေးကိစ္စအလို့ငှာ၊ ပိုင်ရှင်အား၊ နိုင်ငံတော်သမ္မတနှင့် သဘောတူစာချုပ်ချုပ်ဆိုရန် အကြံပေးနိုင်သည်။

(၂) နိုင်ငံတော်သမ္မတသည်၊ ထိုသဘောတူစာချုပ်တွင် ထည့်သွင်းရမည့် စည်းကမ်းချက်များနှင့်လည်းကောင်း၊ ထိုသဘောတူစာချုပ်အတိုင်း လိုက်နာဆောင်ရွက်စေခြင်းနှင့်လည်းကောင်း စပ်လျဉ်း၍ နည်းဥပဒေများ ပြုနိုင်သည်။

*သဘောတူစာချုပ်အတိုင်း လိုက်နာဆောင်ရွက် စေခြင်း။*

၁၄။ ။ (၁) ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦတစ်ခုခု၏ပိုင်ရှင်သည်၊ သို့တည်းမဟုတ် အဆိုပါအဆောက်အဦ၌ ဝင်ရောက်နေထိုင်သူသည်၊ ပုဒ်မ ၁၃အရ၊ အဆိုပါအဆောက်အဦကို မပျက်စီးအောင် စီမံထားရှိရန်အတွက် ချုပ်ဆိုထားသောသဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်ဆန့်ကျင်လျက်၊ အဆိုပါ အဆောက်အဦကိုဖျက်ဆီးရန်၊ ရွှေ့ပြောင်းရန်၊ ပြောင်းလဲရန်၊ အသွင်ပျက်စေရန်၊ သို့တည်းမဟုတ် ဘေးအန္တရာယ်ဖြစ်စေရန်၊ သို့တည်းမဟုတ် အဆိုပါအဆောက်အဦတည်ရာ မြေပေါ်၌သော်လည်းကောင်း၊ ထိုမြေအနီးအနား၌သော်လည်းကောင်း၊ အဆောက်အဦဆောက်လုပ်ရန် ရည်ရွယ်သည်ဟု ညွှန်ကြားရေးဝန်ကထင်မြင်လျှင်၊ ညွှန်ကြားရေးဝန်သည်၊ ထိုသို့ သဘောတူစာချုပ်နှင့် ဆန့်ကျင်သောပြုလုပ်မှုများကို တားမြစ်သည့်အမိန့် ထုတ်ဆင့်နိုင် သည်။

(၂) ပုဒ်မ ၁၃အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ် စောင့်ရှောက်သော အဆောက်အဦကို မပျက်စီးအောင် စီမံထားရှိရန်၊ သို့တည်းမဟုတ် ပြုပြင်ထားရှိရန်သဘောတူစာချုပ်အတိုင်း လိုက်နာဆောင်ရွက်ရမည့်ပိုင်ရှင်သည်၊ သို့တည်းမဟုတ် အခြားသူတစ်ဦးဦးသည်၊ ထိုအဆောက်အဦကို မပျက်စီးအောင်စီမံထားရှိရန်၊ သို့တည်းမဟုတ် ပြုပြင်ထားရှိရန်အတွက် လိုအပ်သည်ဟု ညွှန်ကြားရေးဝန်က ယူဆသောပြုလုပ်မှုတစ်ခုခုကို ပြုရန်ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် အဆိုပါပြုလုပ်မှုတစ်ခုခုကို ညွှန်ကြားရေးဝန်က သတ်မှတ်ထားသည့် သင့်လျော်သောအချိန်အတွင်းပြုရန် ဝတ္တရားပျက်ကွက်လျှင်၊ ညွှန်ကြားရေးဝန်သည်၊ အဆိုပါပြုလုပ်မှုကိုပြုရန် မည်သူ့အားမဆို စာဖြင့် အာဏာလွှဲအပ်နိုင်သည်။ အဆိုပါပြုလုပ်မှုအတွက် ကုန်ကျစရိတ်ကို၊ သို့တည်းမဟုတ် သဘောတူစာချုပ်အရ ပိုင်ရှင် ကျခံရမည့်ကုန်ကျစရိတ် တစ်စိတ်တစ်ဒေသကို ပိုင်ရှင်ထံမှ မြေခွန်တော်မပြေကျန်ငွေကဲ့သို့ အရတောင်းခံနိုင်သည်။

(၃) ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦကို မပျက်စီးအောင် စီမံထားရှိရန်အတွက်၊ ပုဒ်မ ၁၃ အရ၊ သဘောတူစာချုပ်ချုပ်ဆိုနိုင်ခွင့်ရှိသော ပိုင်ရှင်သည်၊ သို့တည်းမဟုတ် အခြားသူတစ်ဦးဦးသည် အဆိုပါသဘောတူစာချုပ်ကို ချုပ်ဆိုရန်ငြင်းဆို

လျှင်၊ သို့တည်းမဟုတ် ပျက်ကွက်လျှင်၊ ညွှန်ကြားရေးဝန်သည်၊ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်ခြင်းအတွက် ပုဒ်မခွဲ (၂)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အရေးယူနိုင်သည်။

(၄) တစ်ဦးတစ်ယောက်သောသူသည်၊ ဤပုဒ်မအရ ထုတ်ဆင့်သောအမိန့်ကြောင့် နစ်နာလျှင်၊ နိုင်ငံတော်သမ္မတထံ အယူခံဝင်နိုင်သည်။ နိုင်ငံတော်သမ္မတသည်၊ ထိုအမိန့်ကို ပယ်ဖျက်နိုင်သည်၊ သို့တည်းမဟုတ် ပြောင်းလဲနိုင်သည်။

*ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦများကို ပြုပြင်ထားရှိခြင်း။*

၁၅။ ။ (၁) ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သိမ်းယူခြင်းဖြင့်ဖြစ်စေ၊ ဝယ်ယူခြင်းဖြင့်ဖြစ်စေ၊ သဘောတူစာချုပ်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ အခွင့်အရေးများရယူထားလျှင်၊ ထိုအဆောက်အဦအသီးသီးကို၊ ညွှန်ကြားရေးဝန်က ပြုပြင်ထားရှိရမည်။

(၂) ပုဒ်မ ၁၂ အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦတစ်ခုခု၏ ထိန်းသိမ်းသူအဖြစ်ကို၊ ညွှန်ကြားရေးဝန်က လက်ခံပြီးသည့်အခါ၊ အဆိုပါအဆောက်အဦကို ပြုပြင်ထားရှိရန်အလို့ငှာလည်းကောင်း၊ အဆိုပါအဆောက်အဦကို ကြည့်ရှုစစ်ဆေးရန်၊ အဆိုပါ အဆောက်အဦကိုပြုပြင်ထားရှိရေးအတွက် လိုအပ်သည်ဟု၊ သို့တည်းမဟုတ် ရှိသင့်သည်ဟု၊ ညွှန်ကြားရေးဝန်ယူဆသောပစ္စည်းများ သယ်ယူရန်နှင့် ထိုသို့ပြုပြင်ထားရှိရေးအတွက် လိုအပ်သည်ဟု၊ သို့တည်းမဟုတ် ပြုသင့်သည်ဟု ညွှန်ကြားရေးဝန်ယူဆသော ပြုလုပ် မှုများကို ပြုရန်အလို့ငှာလည်းကောင်း၊ ညွှန်ကြားရေးဝန်ကိုယ်တိုင်နှင့် ၎င်း၏ကိုယ်စားလှယ်များ၊ လက်အောက်အမှုထမ်းများ၊ အလုပ်သမားများသည်၊ အဆိုပါအဆောက်အဦသို့ သင့်လျော်သည့်အချိန်အခါအတိုင်း၊ ဝင်ရောက်နိုင်ရမည်။

*စေတနာ အလျောက် ထောက်ပံ့လှူဒါန်းသော ငွေများ။*

၁၆။ ။ (၁) ညွှန်ကြားရေးဝန်သည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ် စောင့်ရှောက်သော အဆောက်အဦကို ပြုပြင်ထားရှိရန် ကုန်ကျမည့်စရိတ်အတွက်၊ စေတနာ အလျောက် ထောက်ပံ့လှူဒါန်းသည့် ငွေများကို လက်ခံနိုင်သည့်ပြင်၊ ထိုသို့လက်ခံရရှိသောငွေများကို စီမံခြင်း၊ သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ အမိန့်များကိုလည်း ချမှတ်နိုင်သည်။

ခြွင်းချက် ။ ။ သို့ရာတွင် ဤပုဒ်မအရ လက်ခံရရှိသောငွေများကို၊ ထောက်ပံ့လှူဒါန်းရင်းကိစ္စအတွက်မှတစ်ပါး၊ အခြားမည်သည့်ကိစ္စအတွက်မျှ မသုံးစွဲရ။

*ဝတ်ပြုကိုးကွယ်ရာနေရာကို အလွဲအသုံးပြုခြင်း၊ ညစ်ညမ်းစေခြင်း၊ မရှိမသေပြုခြင်းတို့မှ ကာကွယ်ခြင်း။*

၁၇။ ။ (၁) ဤအက်ဥပဒေအရ နိုင်ငံတော်သမ္မတက ပြုပြင်ထားရှိသော ဝတ်ပြုကိုးကွယ်ရာနေရာကို၊ သို့တည်းမဟုတ် ဘုရား ပုထိုးကို၊ ၎င်းတို့နှင့် မလျော်သောကိစ္စများအတွက် အသုံးမပြုရ။

(၂) ပုဒ်မ ၁၂ အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦတစ်ခုခုကို ညွှန်ကြားရေးဝန်က ဝယ်ယူပြီးနောက်၊ သို့တည်းမဟုတ် ငှားယူပြီးနောက်သော်လည်းကောင်း၊ လက်ဆောင်အဖြစ်၊ သို့တည်းမဟုတ် အမွေပစ္စည်းအဖြစ် လက်ခံပြီးနောက်သော်လည်းကောင်း၊ အဆိုပါ ဒ်မအရ၊ ထိုအဆောက်အဦ၏ထိန်းသိမ်းသူအဖြစ် လက်ခံပြီးနောက်သော်လည်းကောင်း၊ အဆိုပါ အဆောက်အဦကို သို့တည်းမဟုတ် အဆိုပါအဆောက်အဦ၏ တစ်စိတ်တစ်ဒေသကို၊ မည်သည့်လူမျိုးစုကမဆို ဝတ်ပြုကိုးကွယ်ရန် ကိစ္စများအတွက် အချိန်ကာလမှန်မှန် အသုံးပြုနေလျှင်၊ ညွှန်ကြားရေးဝန်သည်၊ အဆိုပါအဆောက်အဦကို၊ သို့တည်းမဟုတ် အဆိုပါအဆောက်အဦ၏တစ်စိတ်တစ်ဒေသကို ညစ်ညမ်းစေခြင်းနှင့် မရှိမသေပြုလုပ်ခြင်းမှ ကာကွယ်ရန်၊ အောက်ပါအတိုင်း နည်းလမ်းတကျစီမံဆောင်ရွက်ရမည်။

(က) အဆိုပါအဆောက်အဦကို၊ သို့တည်းမဟုတ် အဆိုပါအဆောက်အဦ၏ တစ်စိတ်တစ်ဒေသကို၊ ဘာသာရေးနှင့်စပ်လျဉ်း၍ ကြီးကြပ်အုပ်ချုပ်ရသူ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီမှတစ်ပါး၊ အဆိုပါ အဆောက်အဦကို၊ သို့တည်းမဟုတ် အဆောက်အဦ၏ တစိတ်တဒေသကို အသုံးပြုနေသောလူမျိုးစု၏ ဘာသာရေးဓလေ့ထုံးစံအရ ဝင်ရောက်ခွင့်မရှိသူ တစ်ဦးဦးအား၊ အဆိုပါ အဆောက်အဦသို့၊ သို့တည်းမဟုတ် အဆိုပါအဆောက်အဦ၏ တစ်စိတ်တစ်ဒေသသို့ ဝင်ရောက်ခြင်းမှ တားမြစ်ခြင်း၊ သို့တည်းမဟုတ်

(ခ) ဤကိစ္စအလို့ငှာ လိုအပ်သည်ဟု ၎င်းက ထင်မြင်သည့်အတိုင်း အခြားနည်းအရေးယူဆောင်ရွက်ခြင်း။

*ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရကကာကွယ်စောင့်ရှောက်သော အဆောက်အဦများနှင့် သက်ဆိုင်သည့် အခွင့်အရေးများကို ပြန်လည်ပေးအပ်ခြင်း။*

၁၈။ ။ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ ညွှန်ကြားရေးဝန်သည် —

(က) ဤ အက်ဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ကာကွယ်စောင့်ရှောက်သောအဆောက်အဦတစ်ခုခုကို၊ ပိုင်ရှင်က ရောင်းချခြင်းကြောင့်သော်လည်းကောင်း၊ ငှားရမ်းခြင်းကြောင့်သော်လည်းကောင်း၊ လက်ဆောင်အဖြစ်ပေးခြင်းကြောင့်သော်လည်းကောင်း၊ သေတမ်းစာဖြင့် ပေးခြင်းကြောင့်သော်လည်းကောင်း၊ ရယူထားပြီး ဖြစ်သောအခွင့်အရေးများကို ပြန်လည်ပေးအပ်လိုလျှင် အဆိုပါအခွင့်အရေး

များ မရယူခဲ့ပါက၊ ပိုင်ရှင်ဖြစ်နေဦးမည့်သူအားပြန်လည် ပေးအပ်နိုင်သည်။

(ခ) ဤအက်ဥပဒေအရ လက်ခံထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက ကာကွယ်စောင့်ရှောက်သောအဆောက်အဦ တစ်ခုခု၏ ထိန်းသိမ်းသူအဖြစ်ကို ပြန်လည်ပေးအပ်နိုင်သည်။

*ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ကာကွယ် စောင့်ရှောက်သော အဆောက် အဦများသို့ ဝင်ရောက်နိုင်သည့် အခွင့် အရေး။*

၁၉။ ။ (၁) နိုင်ငံတော်သမ္မတက ပြုသည့်နည်းဥပဒေများနှင့် မဆန့်ကျင်စေဘဲ၊ ပြည်သူတို့မှာ၊ ဤအက်ဥပဒေအရ နိုင်ငံတော်သမ္မတ ပြုပြင်ထားရှိသော မည်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက် သော အဆောက်အဦသို့ မဆို၊ ဝင်ရောက်နိုင်သည့်အခွင့်အရေး ရှိရမည်။

(၂) မည်သူမဆို၊ ပုဒ်မခွဲ (၁) အရ ပြုသည့်နည်းဥပဒေတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်လျှင်၊ တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

*ပြည်ထောင်စု မြန်မာ နိုင်ငံ တော်လှန်ရေးအစိုးရ ကကာကွယ်စောင့်ရှောက် သော အဆောက်အဦ များ ပြုပြင်မှုနှင့် အနီး အနားတွင်အဆောက်အဦ သစ်ဆောက်လုပ်မှုကို တားမြစ်ခြင်း။*

"[၂၀။ ။ (၁) မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၏ ခွင့်ပြုချက် မရရှိဘဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦ၏ ဥပစာအတွင်း၌ ဖြစ်စေ၊ အနီးအနား၌ဖြစ်စေ၊ အဆောက်အဦသစ်မဆောက်လုပ်ရ၊ သို့တည်းမဟုတ် ထိုအဆောက်အဦကို မပြုပြင်ရ။

(၂) မည်သူမဆို၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင်၊ သုံးလထက် မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည့်ပြင်၊ ထိုသို့ ကျူးလွန်ခြင်းကြောင့် ထိုအဆောက်အဦပျက်စီးလျှင်၊ ပျက်စီးသည့် တန်ဘိုး အတွက် လျော်ကြေးကိုလည်း ပေးရမည်။

(၃) ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ သူတစ်ဦးဦးဆောက်လုပ်ထားသော မည်သည့် အဆောက်အဦကိုမဆို သီးခြားဖော်ပြထားသည့် ကာလအပိုင်းအခြားအတွင်း ရွှေ့ပြောင်းရန် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ဖြင့် ညွှန်ကြားနိုင်သည်။ ထိုသူက အဆိုပါအမိန့်ကို လိုက်နာရန် ငြင်းဆိုလျှင်၊ သို့တည်းမဟုတ် ပျက်ကွက်လျှင်၊ ကော်လိတ်တော်အရာရှိသည်၊ အဆိုပါ အဆောက်အဦကို ရွှေ့ပြောင်းစေနိုင်သည်။ ထိုသို့ ရွှေ့ပြောင်းရာတွင် ကုန်ကျသည့်စရိတ်ကို၊ ထိုသူက

ပေးဆောင်ရမည်။][၆]

*ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ကကာကွယ်စောင့်ရှောက်သော အဆောက်အဦ ၏ ပတ်ဝန်းကျင်အနီးအနား တွင် ခွင့်ပြုချက်မရရှိဘဲ၊ ဓါတ်သတ္တုတူးဖော်ခြင်း စသည်တို့ကို မပြုလုပ်ရခြင်း။*

"[၂၁။ ။ (၁) မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦ၏ ပတ်ဝန်းကျင် အနီးအနားတွင် ဓါတ်သတ္တုတူးဖော်မှု၊ ရေနံဓါတ်တူးဖော်မှု၊ ကျောက်တူးမှု၊ သို့တည်းမဟုတ် မြေတူးမှု မပြုလုပ်ရ။ ထို့ပြင် ထိုအဆောက်အဦ၏ ပတ်ဝန်းကျင်တွင် တူးဖော်ရာ၌ အသုံးပြုသော ယမ်းအမျိုးအစားနှင့် အချိန်အတွယ်အလိုက်၊ အန္တရာယ်သင့်စေနိုင်သည့် အကွာအဝေး အတွင်း၌ ဖောက်ခွဲမှုကို မပြုလုပ်ရ။

__ခြွင်းချက်__ ။ ။ သို့ရာတွင်၊ ဤပုဒ်မခွဲပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ၊ ထိုအဆောက်အဦ၏ ပတ်ဝန်းကျင်အနီးအနားတွင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ရေးကိစ္စအလို့ငှာ၊ မြေတူးခြင်းကို တားမြစ်သည်ဟု မမှတ်ယူရ။

(၂) မည်သူမဆို၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်လျှင်၊ သုံးလထက်မနည်း၊ ခြောက်လထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်းခံရမည့်ပြင်၊ ထိုသို့ကျူးလွန်ခြင်းကြောင့် ထိုအဆောက်အဦ ပျက်စီးလျှင်၊ ပျက်စီးသည့် တန်ဘိုးအတွက် လျော်ကြေးကိုလည်း ပေးရမည်။]"[၇]

*ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦများ အနီးအနားတွင် လေယာဉ်ပျံသန်းခြင်းကို ကြီးကြပ် အုပ်ချုပ်နိုင်သည့် နိုင်ငံတော်သမ္မတ၏ အာဏာ။*

၂၂။ ။ (၁) နိုင်ငံတော်သမ္မတသည်၊ ရှေးဟောင်းဝတ္ထုပစ္စည်း တစ်ခုခုစောင့်ရှောက်ထိန်းသိမ်းရေးအတွက် ထိုရှေးဟောင်းဝတ္ထုပစ္စည်း၏ ပတ်ဝန်းကျင် အနီးအနား၌ လေယာဉ်ပျံသန်းခြင်းကို စည်းမျဉ်းသတ်မှတ်သင့်သည်၊ သို့တည်းမဟုတ် ချုပ်ချယ်သင့်သည်ဟု ထင်မြင်လျှင်၊ အမိန့်ကြော်ငြာစာဖြင့်၊ ဤကိစ္စ အလို့ငှာ သင့်လျော်သော နည်းဥပဒေများ ပြုနိုင်သည်။

---

*(၆) ၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၈၊ ၁၈-၉-၆၂) ဖြင့် အစားထိုးထည့်သွင်းသည်။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်၊ စာမျက်နှာ - ၁၂၂၉)။*

*(၇) ၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၈၊၁၈-၉-၆၂) ဖြင့် အစားထိုးထည့်သွင်းသည်။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်၊ စာမျက်နှာ - ၁၂၂၉)။*

(၂) မည်သူမဆို၊ ပုဒ်မခွဲ (၁)အရ ပြုသည့်နည်းဥပဒေတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်လျှင်၊ သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

*ပြစ်ဒဏ်များ။*

["၂၃။ ။(၁) မည်သူမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်ထားသော အဆောက်အဦတစ်ခုခုကိုသော်လည်းကောင်း၊ ထိုအဆောက်အဦ၏ ဥပစာအတွင်း ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း၊ ပုဒ်မ ၄(ခ)အရ ညွှန်ကြားရေးဝန်က ထိန်းသိမ်းသူအဖြစ် တာဝန်ယူ၍ ပြုပြင်ထားရှိသော ရှေးဟောင်းဝတ္ထုပစ္စည်း တစ်ခုခုကိုသော် လည်းကောင်း ၊ တမင်ဖျက်ဆီးလျှင် သို့တည်းမဟုတ် ရွှေ့ပြောင်းလျှင်၊ သို့တည်းမဟုတ် ထိခိုက်ချို့ယွင်းစေလျှင်၊ သို့တည်းမဟုတ် ပြောင်းလဲလျှင်၊ သို့တည်းမဟုတ် အသွင်ပျက်စေလျှင်၊သို့တည်းမဟုတ် ဘေးအန္တရာယ် ဖြစ်စေလျှင်၊ သို့တည်းမဟုတ် တူးဖော်လျှင် ခြောက်လထက်မနည်း၊ သုံးနှစ်ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်စီရင်ခြင်း ခံရမည့်ပြင်၊ ကျပ် ငါးရာထက် မနည်း၊ ကျပ်ငါးထောင်ထက် မများသော ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။"][ဂ]

(၂) မည်သူမဆို၊ တရားဥပဒေနှင့်အညီ အပ်နှင်းထားသော အခွင့်အာဏာမရှိဘဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦဖြစ်ကြောင်း ဖော်ပြထားသော ကြော်ငြာစာ၊ အမှတ်အသား၊ သို့တည်းမဟုတ် အထိမ်းအမှတ်ကိုဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သောအဆောက်အဦကို ပြုပြင်ထားရှိရန်အတွက် စိုက်ထူထားသော၊ သို့တည်းမဟုတ် ပြုလုပ်ထားသောဝင်းအကာအရံ၊ အဖုံးအအုပ်၊ သို့တည်းမဟုတ် အခြားအရာဝတ္ထုကိုဖြစ်စေ၊ ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် အသွင်ပျက်စေလျှင်၊ သို့တည်းမဟုတ် ပြောင်းလဲလျှင်၊ သို့ တည်းမဟုတ် ဖယ်ရှားလျှင်၊ တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

---

*(ဂ) ၁၉၆၂ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၂။၁၈-၉-၆၂) ဖြင့် အစားထိုးထည့်သွင်းသည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်၊ စာမျက်နှာ - ၁၂၂၉)။*

## <u>အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ။</u>

*ကာလတန်ဘိုး၊ သို့တည်းမဟုတ် လျော်ကြေးပြတ်ဆိုခြင်း။*

၂၄။ ။ ဤအက်ဥပဒေအရ၊ ကာလတန်ဘိုးဖြင့် ပစ္စည်းတစ်ခုခုဝယ်ယူနိုင်သည့် အာဏာကို သုံးစွဲလျက်၊ နိုင်ငံတော်သမ္မတက ဝယ်ယူသည့်ပစ္စည်း၏ ကာလတန်ဘိုးနှင့်သော်လည်းကောင်း၊ ဤအက်ဥပဒေအရ ဆောင်ရွက်သည့် ကိစ္စတစ်ခုခုအတွက် နိုင်ငံတော်သမ္မတက ပေးရမည့် လျော်ကြေးနှင့်သော်လည်းကောင်း စပ်လျဉ်း၍ အငြင်းပွားလျှင်၊ အဆိုပါကာလတန်ဘိုးနှင့် လျော်ကြေးကို၊ မြေသိမ်းအက်ဥပဒေတွင် ပြဋ္ဌာန်းထားသောနည်းလမ်းများအတိုင်း လိုက်နာနိုင်သမျှ လိုက်နာ၍ ဆုံးဖြတ်ရမည်။

<u>ခြွင်းချက်</u> ။ ။ သို့ရာတွင် မြေသိမ်းအက်ဥပဒေအရ၊ စုံစမ်းသောအခါ၊ ကော်လိတ်တော်အရာရှိသည်၊ ရာပြတ်လူကြီးနှစ်ဦး၏အကူအညီကို ရယူရမည်။ ထိုရာပြတ်လူကြီးများအနက် တစ်ဦးမှာ ညွှန်ကြားရေးဝန် ရွေးချယ်သူဖြစ်၍၊ ကျန်တစ်ဦးမှာ ပိုင်ရှင်ရွေးချယ်သည့် အရည်အချင်း ပြည့်စုံသူသော်လည်းကောင်း၊ ဤကိစ္စအလို့ငှာ ကော်လိတ်တော်အရာရှိ သတ်မှတ်ထားသော အချိန်ကာလအတွင်း ပိုင်ရှင်က ရာပြတ် လူကြီးရွေးချယ်ရန် ပျက်ကွက်လျှင် ကော်လိတ်တော် အရာရှိ ရွေးချယ်သူသော်လည်းကောင်း ဖြစ်ရမည်။

*နည်းဥပဒေများ ပြုနိုင်သည့် အာဏာများ။*

၂၅။ ။ နိုင်ငံတော်သမ္မတသည်၊ အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ နည်းဥပဒေများ ပြုနိုင်သည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ၏အခွန်တော်ငွေများမှ လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ အကုန်အကျခံ၍ ပြုပြင်ထားရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ကာကွယ်စောင့်ရှောက်သော အဆောက်အဦများနှင့် ပြတိုက်များသို့ပြည်သူတို့ဝင်ရောက်ခွင့်နှင့် စပ်လျဉ်း၍စည်းမျဉ်းသတ်မှတ်ရန်နှင့် ဝင်ကြေးသတ်မှတ်ရန် ကိစ္စ။

(ခ) အဆိုပါ အဆောက်အဦများကိုသော်လည်းကောင်း၊ အဆိုပါပြတိုက်များတွင် ပြသထားသော ပစ္စည်းများကိုသော်လည်းကောင်း၊ ဓါတ်ပုံရိုက်ခြင်း၊ ကူးယူခြင်း၊ သို့တည်းမဟုတ် ပုံတူပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းသတ်မှတ်ရန်ကိစ္စနှင့် ထိုပြုလုပ်မှုများကို ချုပ်ချယ်ရန်၊ သို့တည်းမဟုတ် တားမြစ်ရန်ကိစ္စ။

(ဂ) ယေဘုယျအားဖြင့် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ဆောင်ရွက်ရန်ကိစ္စ။

၂၆။ ။ မည်သူမဆို ဤအက်ဥပဒေဖြင့် အပ်နှင်းထားသည့် အာဏာများသုံးစွဲနေသူတစ်ဦးဦးကို၊ သို့တည်းမဟုတ် ဤအက်ဥပဒေဖြင့် ချထားပေးသည့် တာဝန်ဝတ္တရားများ ဆောင်ရွက်နေသူတစ်ဦးဦးကို တမင်ဟန့်တားလျှင်၊ သို့တည်းမဟုတ် တားဆီးလျှင်၊ သို့တည်းမဟုတ် နှောင့်နှေးကြန့်ကြာစေလျှင် တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးရာထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည်။

*အာဏာသုံးစွဲဆောင်ရွက်သူများအား ဟန့်တားခြင်း။*

၂၇။ ။ ဤအက်ဥပဒေနှင့်အညီသော်လည်းကောင်း၊ ဤအက်ဥပဒေအရ ပြုသည့် သို့တည်းမဟုတ် ထုတ်ဆင့်သည့်နည်းဥပဒေ၊ ညွှန်ကြားချက်အမိန့်တစ်ခုခုနှင့်အညီသော်လည်းကောင်း၊ သဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့တည်းမဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့်ကိစ္စတစ်ခုခုအတွက် မည်သူ့ကိုမျှ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားတရားမှုခင်းဖြစ်စေ မစွဲဆိုရ။

*တရားစွဲဆိုခြင်းကို တားမြစ်ခြင်း။*

၂၈။ ။ ရှေးဟောင်း အဆောက်အဦများ ထိန်းသိမ်းရေး အက်ဥပဒေ (The Ancient Monuments Preservation Act) ကို၊ ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

*ရုပ်သိမ်းခြင်း။*

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်။
(၁၉၅၇ ခုနှစ်၊ မတ်လ ၂၈ ရက်။)

အမိန့်အရ
ပါစိန်၊
သမ္မတ၏အတွင်းဝန်။